# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

မကျီးစုကျေးရွာ၊ ကိုးအင်းအုပ်စု

၂၀၁၇ ခုနှစ်

ကြံခင်းမြို့

မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
မြန်အောင်မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကိုးအင်းကျေးရွာအုပ်စုပြမြေပုံ

၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း (ကိုးအင်းကျေးရွာအုပ်စု)

၁. ကိုးအင်းကျေးရွာ

၂. တာကြီးတန်းကျေးရွာ

၃. မကျီးစုကျေးရွာ

၄. ကညင်တောကျေးရွာ

၅. လက်ပံတိုက်ကျေးရွာ

၆. လူပျိုတော် အထက်စုကျေးရွာ

၇. လူပျိုတော် အောက်စု

၈. ညောင်ပင်

၉. သစ်ဆိမ့်ပင်

ကိုးအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. မကျီးစုကျေးရွာ၏အခြေခံအချက်အလက်များ

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ကိုးအင်းအုပ်စု၊ မကျီးစုကျေးရွာသည် အိမ်ခြေ(၃၂) ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အုပ်စုကျေးရွာ နှင့် ကပ်လျက် တည်ရှိသော ကျေးရွာ တစ်ရွာ ဖြစ်ပြီး၊ မြောက်ဘက်တွင် ဖားတစ်ရှဉ်းချောင်း၊ တောင်ဘက်တွင် ရေနံတောင်လမ်းမကြီး နှင့် လယ်ကွင်းများ၊ အရှေ့ နှင့် အနောက် အရပ်မျက်နှာ များ တွင် တောင်ယာ၊ ကိုင်းကျွန်းများ ရှိကြပါသည်။ ကျေးရွာတွင်းမှ အရှေ့ဖက်သို့ဆက်၍ သွားလျှင် လက်ပံတိုက် ကျေးရွာသို့ရောက်ရှိပါသည်။

ကျေးရွာတွင် နေထိုင်ကြသူများမှာ လယ်ယာ လုပ်ငန်းဖြင့် အသက်မွေး ဝမ်း ကြောင်းပြုကြသူများ ဖြစ်ပြီး၊ ရာသီအလိုက် စပါး၊ ပဲ၊ နှမ်း စသည့် လယ်ယာထွက်ကုန် များကို စိုက်ပျိုးခြင်း၊ ရောင်းချ ခြင်းဖြင့်၊ လုပ်ကိုင် စားသောက်ကြပါသည်။ လက်မှု ပညာရှင်များ ဖြစ်သော လက်သမား၊ ပန်းရံ၊ လျှပ်စစ် လုပ်သား၊ ပိုက်ဆက် နှင့် မက္ကင်းနစ် ပညာရှင်များလည်း နေထိုင်ကြပြီး မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ၊ ဆရာမများလည်း နေထိုင်ကြသော ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။

ကျန်းမာရေး၊ ပညာရေး အနေဖြင့် ကိုးအင်း ကျေးရွာ သို့လည်းကောင်း၊ ဘက်ရဲမြို့ ပေါ်သို့လည်းကောင်း သွားရောက်၍ အဆင်ပြေသော ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။ သဘာဝ ဘေးအန္တရာယ် အနေဖြင့် ၂၀၀၆ ခုနှစ်တွင် မာလာမုန်တိုင်း ကျရောက်ခံခဲ့ရသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် ဘုရား၊ စေတီ နှင့် ဘုန်းတော်ကြီးကျောင်း များ မရှိကြပါ။


၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၉-၁၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၀ | ၁၅ | ၂၅ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၉-၁၂-၂၀၁၄ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၀ | ၁၅ | ၂၅ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၉-၁၂-၂၀၁၄ | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၁၀ | ၁၅ | ၂၅ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၉-၁၂-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၇ | ၁၉ | ၂၆ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | ၉-၁၂-၂၀၁၅ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၁၅ | ၁၃ | ၂၈ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊<br>လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | ၉-၁၂-၂၀၁၅ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၅၅ | ၆၆ | ၁၂၀ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ<br>(Problem) | ၉-၁၂-၂၀၁၅ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၅၅ | ၆၆ | ၁၂၀ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်<br>(Village Vision) | ၉-၁၂-၂၀၁၅ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၅၅ | ၆၆ | ၁၂၀ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | ၉-၁၂-၂၀၁၅ | ကော်မတီဝင်များ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၅၅ | ၆၆ | ၁၂၀ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- ဒေသတွင်း သဘာဝအရင်းအမြစ်များမှာ ချောင်း၊ လယ်ယာ၊ ကိုင်းကျွန်း၊ ဝါးတော စသော ဒေသအရင်းအမြစ်များကို တွေ့ရပြီး၊ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြပြီး၊ ဝါးလုပ်ငန်းအနည်းငယ်လည်း လုပ်ကိုင်ကြကြောင်း တွေ့ရပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်း အမျိုးအစား ဖြစ်ပါသည်။
- လူမှုအဆောက်အဦး နှင့် လူနေမှုသဘာဝ မှာ လူနေမှုအိမ်ခြေ (၃၂) လုံးရှိပြီး၊ အိမ်တိုင်းစေ့နီးပါး ရေတုံကင်များရှိကြ၍၊ သောက်သုံးရေ လုံလောက်ဖူလုံသော်လည်း၊ မိုးရာသီတွင် လမ်းရေကျော်

  ခြင်းများကြောင့် ရေတုံကင်များရေဝင်နစ်မြုပ်၍၊ မိုးရာသီတွင် သောက်သုံးရေ ခက်ခဲသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။

- ကျေးရွာတွင် လျှပ်စစ်မီး ရရှိပြီးဖြစ်၍၊ အလင်းရောင်ရသော်လည်း၊ မီးအားမကောင်း၍ ချက်ရေး၊ ပြုတ်ရေးများတွင် အသုံးမပြုနိုင်ပဲ၊ မီးကြိုးများမှာလည်း စိတ်ချရမှု မရှိ၊ ဟောင်းနွမ်းဆွေးမြေ့နေ
- ပြီ ဖြစ်ကြောင်း သိရပါသည်။
- ကျေးရွာတွင် မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ/ဆရာမ များနေထိုင်ကြပြီး၊ ပညာတတ်ဦးရေ များပြားသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။
- လက်မှုပညာရှင်အနေဖြင့် လက်သမား၊ ပန်းရံ၊ လျှပ်စစ်လုပ်သား၊ ပိုက်ဆက် နှင့် မတ္တင်းနစ် ပညာရှင်များ နေထိုင်ကြပါသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဘက်ရဲမြို့ နှင့် မနီးမဝေးတွင် ရှိပြီး၊ အုပ်စုကျေးရွာ နှင့် ရွာချင်းဆက်ဖြစ်၍ မူလတန်း နှင့် အလယ်တန်းအဆင့် ပညာရေးကို ကိုးအင်းအုပ်စုကျေးရွာ တွင်လည်းကောင်း၊ အထက်တန်းအဆင့် ပညာရေး နှင့် ကျန်းမာရေးအတွက် ဘက်ရဲမြို့ပေါ်သို့ လည်းကောင်း၊ အဆင်ပြေ လွယ်ကူချောမွေ့စွာ ရှိကြပါသည်။


- မကျီးစုကျေးရွာလေးမှာ နှစ်စဉ်၊ ချောင်းကမ်းပါးများ ပြိုကျပျက်စီး၍၊ မြေနေရာများ တဖြည်းဖြည်း ပြောင်းရွှေ့နေရသော ကျေးရွာလေးတစ်ရွာဖြစ်ကြောင်းလည်း သိခဲ့ရပါသည်။။
- သဘာဝဘေးအန္တရာယ် အနေဖြင့် ၂၀၀၈ ခုနှစ်တွင်၊ မာလာမုန်တိုင် ကျရောက်ခဲ့ပြီး၊ နှစ်စဉ်နီးပါး ရေကြီး၊ ရေလျှံခြင်းများ ကြုံတွေ့ရသော ကျေးရွာလေးဖြစ်ပါသည်။

**ဖွံ့ဖြိုးရေးလိုအပ်ချက်**

- ကျေးရွာတွင်း အားပြည့်သော လျှပ်စစ်မီး ရရှိပြီး၊ မီးကြိုးများ လုံခြုံစိတ်ချရမှုရှိရေး
- ကျေးရွာတွင်းလမ်းများ ကောင်းမွန်ရေး
- ရာသီမရွေး သောက်သုံးရေဖူလုံမှုရှိရေး
- ကျေးရွာတွင်းစာကြည့်တိုက်
- အစည်းအဝေးခန်းမ
- ကစားကွင်း
- ဝင်ငွေတိုးလုပ်ငန်းများ
  - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
  - စိုက်ပျိုးရေးအတွက် ချေးငွေ
  - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ရာသီဥတု နှင့် အလုပ်အကိုင် မှာ မကျီးစုကျေးရွာ၏ ရာသီဥတု အခြေအနေမှာ အခြားဒေသတွင်း ကျေးရွာများ နှင့် များစွာကွဲပြားမှုမရှိပဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန် လများတွင် ရာသီဥတုပူပြင်း၍၊ အလုပ်အကိုင်အနေဖြင့် မတ်ပဲရိတ်ခြင်း၊ အိမ်သုံးထင်းတိုက်ခြင်း၊လယ်ယာမြေ ထွန်ယက်ပြုပြင်ခြင်း နှင့် လယ်ထွန်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။
- ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လများတွင်၊ မိုးများများရွာသွန်းပြီး၊ မိုးကာလရာသီချိန်ဖြစ်သည့် အားလျော်စွာ၊ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ မြက်ကောက်ပေါင်းသင်ခြင်း နှင့် ကောက်ရိတ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်။
- တန်ဆောင်မုန်း၊ ပြာသို၊ တပို့တွဲ လများတွင်၊ မတ်ပဲ၊ မြေပဲ စိုက်ခြင်း၊ စပါးခြွေလှေ့ခြင်း နှင့် မတ်ပဲရိတ်


  ခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။
- ကျန်းမာရေး နှင့် ဝင်ငွေ မှာ၊ ကျန်းမာရေးအနေဖြင့် မိုးဦးစဖြစ်သော နယုန် နှင့် ရာသီကူးပြောင်းချိန် သီတင်းကျွတ်လများတွင် နာစေး၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း စသည့် ကျန်းမာရေးအညံ့များကြုံတွေ့ရပြီး၊ ကျန်သောလရာသီများတွင် ပျှမ်းမျှအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။
- ဝင်ငွေအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန် များတွင် ဝင်ငွေရသော အလုပ်အကိုင်များမရှိတတ်ပဲ၊ ကျန်သောလရာသီများတွင် အမျိုးသား၊ အမျိုးသမီးများ၏ ပျှမ်းမျှဝင်ငွေမှာ၊ တစ်နေ့လျှင် ကျပ်(၃၀၀၀-၄၀၀၀)ကြား ရရှိပြီး၊ နေ့ဝက်လျှင် ကျပ်(၁၅၀၀-၂၀၀၀) ဝန်းကျင်ခန့် ရရှိကြပါသည်။
- လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်းကို ဝါခေါင်လတွင်လည်းကောင်း၊ ကောက်ရိတ်ခြင်း၊ မတ်ပဲကြဲခြင်းကို တန်ဆောင်မုန်းလတွင်လည်းကောင်း၊ စပါးခြွေခြင်း၊ မတ်ပဲနှုတ်ခြင်းကို နတ်တော် နှင့် တပေါင်းလတို့တွင်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ ၎င်းလများသည်

ဝင်ငွေကောင်းသော လများဖြစ်ပြီး၊ အမျိုးသား၊ အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျှမ်းမျှရရှိကြပါသည်။

- အစားအစာဖူလုံမှု နှင့် ပွဲတော် မှာ တန်ခူး၊ ကဆုန်၊ နယုန် လများတွင် စပါးများရိတ်သိမ်းပြီး၊ စပါးပုတ်များတွင် ဝမ်းစာသိုလှောင်ထားကြပြီး၊ ဝမ်းစာအပြည့် ရှိသောကာလများ ဖြစ်ပါသည်။ ကျန်သောလရာသီများမှာ အစားအစာဖူလုံမှု အသင့်အတင့်ရှိသော ကာလများ ဖြစ်ပါသည်။
- ပွဲတော်ကျင်းပမှုမှာ မြန်မာနိုင်ငံ၏ အခြားသောနေရာဒေသများ နှင့်နည်းတူ၊ သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲတော်၊ ကထိန်ပွဲ၊ ထမနဲပွဲ၊ ရှင်ပြုပွဲ များကို ရာသီအလိုက် ကျင်းပကြပြီး၊ ဝါတွင်းကာလများတွင် ဥပုဒ်သီတင်းဆောက်တည်ခြင်းများ ပြုလုပ်ကြပါသည်။
- သဘာဝဘေးအန္တရာယ် နှင့် လမ်းပန်းဆက်သွယ်ရေး မှာ ဝါဆို၊ ဝါခေါင် နှင့် တော်သလင်းလ များတွင် ချောင်းရေလျှံမှုများ နှစ်စဉ်ကြုံတွေ့ ရင်ဆိုင်ရသော ကျေးရွာတစ်ရွာ ဖြစ်ပြီး၊ လမ်းပန်း ဆက်သွယ်ရေး အနေဖြင့် အဆိုပါကာလများတွင် လမ်းရေကျော်ခြင်းများ ရှိပြီး၊ အခြား ကာလ များ တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ရွှေ့ပြောင်းလုပ်သားများမရှိပါ။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်


၉.၁၂.၁၆

ကိုးအင်းအုပ်စု
မကျီးစုကျေးရွာ

ဥစ္စာဓန အဆင့် သတ်မှတ်ချက်

| အဆင့် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| က | အုပ်မိုး ပျဉ်ထောင် လယ်ထွန်စက် ဆွဲလှေ့စက်ကား၊ လယ်(၅)ဧက အထက်၊ နွားတစ်ရှဉ်း။ | ၁၀ | ၃၁% |
| ခ | အုပ်မိုး၊ ပျဉ်ထောင်၊ လယ်(၅)ဧကအောက်၊ ဆိုင်ကယ်၊ နွားတစ်ရှဉ်း | ၁၀ | ၃၁% |
| ဂ | သက်ကယ်မိုး၊ ထရံကာ၊ စက်ဘီး၊ ဝက် (၁)ကောင် ကြက် | ၁၂ | ၃၈% |
| စုစုပေါင်း | - | ၃၂ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ
ကျား -၄
မ -၈

စုစုပေါင်း - ( ၃၂ ) - ( ၁၀၀% )

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း


ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း တွင်၊ ကျေးရွာအနေဖြင့် ( က၊ ခ၊ ဂ ) ဟူ၍၊ အဆင့်( ၃ ) ဆင့်ခွဲ၍ သတ်မှတ်ရေးဆွဲခဲ့သည်။
- (က) အဆင့်၊ ကျေးရွာ၏ အဆင်ပြေဆုံးသော ချမ်းသာသူများအုပ်စုတွင်၊ အိမ်ထောင်စု အရေအတွက် (၁၀) အိမ်ထောင်စုရှိပြီး၊ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်ထွန်စက်၊ ခြွေလှေ့စက်၊ ကား၊ လယ်မြေ(၅) ဧက နှင့် အထက်၊ နွားတစ်ရှဉ်း စသည်ဖြင့် ပိုင်ဆိုင်ကြပြီး၊ ရာခိုင်နှုန်းအားဖြင့် (၃၁) ရာခိုင်နှုန်းရှိပါသည်။
- (ခ) အဆင့်၊ ကျေးရွာ၏ အသင့်အတင့် နေနိုင်သူများအုပ်စုတွင်၊ အိမ်ထောင်စုအရေအတွက် (၁၀) အိမ်ထောင်စုရှိပြီး၊ ပိုင်ဆိုင်မှုမှာ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်မြေ (၅) ဧကအောက်၊ ဆိုင်ကယ်၊ နွားတစ်ရှဉ်း စသည်ဖြင့် ပိုင်ဆိုင်ကြပြီး၊ (၃၁) ရာခိုင်နှုန်း ရှိပါသည်။
- (ဂ)အဆင့်သည်၊ ကျေးရွာ၏ မပြေလည်သော၊ အနွမ်းပါးဆုံးသောအုပ်စုဖြစ်ပြီး၊ သက်ကယ်မိုး၊ ထရံကာ၊ စက်ဘီး၊ မွေးမြူရေး ဝက်(၁) ကောင် နှင့် ကြက်များ ပိုင်ဆိုင်ကြပြီး၊ ရာခိုင်နှုန်းအားဖြင့် (၃၈) ရာခိုင်နှုန်းရှိပါသည်။
- အထက်ပါ အဆင့်သတ်မှတ်ချက်များကို ကြည့်ခြင်းအားဖြင့်၊ (ဂ) အဆင့်ဖြစ်သော ကျေးရွာ၏ အနွမ်းပါးဆုံးသော အုပ်စုသည် ရာခိုင်နှုန်းအားဖြင့်၊ ပိုများနေသည်ကို တွေ့ရပါသည်။
- အလုပ်အကိုင်၊ အခွင့်အလမ်းများတွင် (ဂ) အဆင့်ပါအုပ်စုများကို၊ ဦးစားပေးဆောင်ရွက်စေခြင်း

  အားဖြင့်၊ လူနေမှုအဆင့်များ တဖြည်းဖြည်းညီမျှစေနိုင်လိမ့်မည်ဟု ထင်မြင်သုံးသပ်မိပါသည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များ၊ ကျေးရွာ၏ဆန္ဒ သဘောထားများကို ဦးစားပေး၍ စဉ်းစား ရေးဆွဲခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာအတွင်း ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ အမျိုးသမီးပရိတ်အသင်းအဖွဲ့ နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့ တို့ဖြစ်ကြပြီး၊
- ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်စုမီးသတ်အဖွဲ့၊ မြို့နယ်မီးသတ်အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။
- ၎င်းအဖွဲ့အစည်းများသည် လိုအပ်ပါက၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး၊ ကျေးရွာ၏ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို၊ အတူတကွ ကူညီဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးကို ပူးပေါင်းဆောင်ရွက်ကြကြောင်း တွေ့ရပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်





အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

## အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အရင်းအမြစ် ပိုင်ဆိုင်မှု၊ အသုံးပြုမှု တို့တွင် အမျိုးသမီးများ နှင့် အမျိုးသားများသည် လယ်၊ ချောင်း၊ ကိုင်း၊ နွား/လှည်း၊ အိမ်၊ တောင်ယာ၊ သစ်တော၊ ဝါးတော၊ လမ်း၊ ပေါက်တူး/တူရွင်း၊ ထယ်/ထွန်၊ ရေတွင်း၊ ဆိုင်ကယ် စသည်တို့ကို အတူတူအသုံးပြု ပိုင်ဆိုင်ကြသည်ကို တွေ့ရသည်။
- အရင်းအမြစ် ထိန်းချုပ်မှု၊ ဆုံးဖြတ်ချက်ချမှု တို့တွင်၊ အမျိုးသမီးများသည် အပ်ချုပ်စက်၊ အိမ်မွေးတိရိစ္ဆာန် ကြက်၊ ဘဲ မွေးမြူခြင်းများကို သီးသန့်အသုံးပြုပိုင်ဆိုင်ကြသည်ကို တွေ့ရပြီး၊ အမျိုးသားများသည် လှည်း၊ ထွန်၊ ထယ်၊ စက်တုံး/ဝုတ်တုံး စသည့်လုပ်ငန်းသုံးပစ္စည်းများကို သီးသန့်အသုံးပြုပိုင်ဆိုင်နေကြပါသည်။
- အမျိုးသား၊ အမျိုးသမီး အတူအသုံးပြုကြပိုင်ဆိုင်ကြသည်ဟုလက်ခံထားသောအသုံးပြုမှုများမှာ၊ လယ်၊ ကိုင်း၊ ဝါးခြံ၊ ပုဇဉ်ခေါင်းကား၊ ဆိုင်ကယ်၊ စက်ဘီး၊ နွား၊ ထွန်စက်၊ စသည့်ပစ္စည်းများဖြစ်ကြပြီး၊ အရင်းအမြစ် ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသား၊ အမျိုးသမီး အနေဖြင့် မိမိတို့အသုံးပြုနေသော လုပ်ငန်းသုံးပစ္စည်းများကို ပိုင်ဆိုင်သည်၊ ဆုံးဖြတ်နိုင်သည် ဟု တွေ့မြင်သိရှိရပါသည်။
- ပျမ်းမျှအားဖြင့် အမျိုးသား နှင့် အမျိုးသမီး ပိုင်ဆိုင်မှု၊ ဆုံးဖြတ်မှု တို့တွင် လုပ်ငန်းသုံးဆောင်ရွက်မှုပေါ် မူတည်၍၊ ခွဲခြားသိမှတ်မှုများရှိနေကြပြီး၊ အရာအားလုံးအား သီးသန့်ခွဲခြားမှု မရှိပဲ၊ အတူတူပိုင်ဆိုင် ဆုံးဖြတ်ကြကြောင်း သိရှိခဲ့ရပါသည်။
- ပါဝင်ဆွေးနွေးသူ ကျား(၇) ဦး၊ မ(၆) ဦး တို့နှင့်အတူ ရေးဆွဲခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>




<u>ပင့်ကူအိမ်ကွန်ယက်</u>

ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်

- အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်လူနေမှုဘဝတွင် တွေ့ကြုံနေရသည့် အချက်အလက်များ အပေါ် အခြေခံ၍ မကျီးစုကျေးရွာတွင်းရှိသော အမျိုးသား/အမျိုးသမီး တို့၏ အားသာချက်၊ အားနည်းချက်များကို ပင့်ကူအိမ်ကွန်ယက်ပြပုံကို အသုံးပြု၍ ရှာဖွေကြပါသည်။
- အုပ်ချုပ်မှု အပိုင်းတွင် မကျီးစုကျေးရွာရှိ အမျိုးသားများသည် အမျိုးသမီးများထက်၊ ပါဝင်မှု ပိုကောင်းပြီး၊ အမျိုးသမီးများထက် ပိုမိုဆောင်ရွက်မှုရှိသည်ကို တွေ့ရပါသည်။ အမျိုးသားများ သည် (၉၀)% ၊ အမျိုးသမီးများသည် (၁၀)% ဖြင့် များစွာကွာဟမှုရှိနေသည်ကို တွေ့ရသည်။
- ယုံကြည်မှု၊ လုံခြုံမှုပိုင်းတွင် အမျိုးသားများသည် (၈၀)% ၊ အမျိုးသမီးများသည် (၄၀)% ရှိကြ ပြီး၊ ကျေးရွာအနေဖြင့် ကျေးရွာ၏လက်ရှိ အခြေအနေကို၊ လက်ခံထားကြပါသည်။
- အလုပ်အကိုင် ကိစ္စတွင် အမျိုးသားများသည် (၈၀)% ၊ အမျိုးသမီးများသည် (၄၀)% ဖြစ်သော ကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် အားသာမှုရှိနေသည်ကို တွေ့ရပါသည်။
- အိမ်တွင်းမှု တွင် အမျိုးသားများသည် (၂၀)% ၊ အမျိုးသမီးများသည် (၈၀)% ရှိပြီး၊ အမျိုးသမီး များက ထုံးတမ်းစဉ်လာအတိုင်း ပိုမိုလုပ်ဆောင်နိုင်ကြပါသည်။
- ဝင်ငွေရှာဖွေနိုင်မှု တွင် အမျိုးသားများသည် (၈၀)% နှင့် အမျိုးသမီးများသည် (၃၀)% ရှိပြီး၊ အမျိုးသားများသည် ဒေသအခြေအနေအရ၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။
- ကျန်းမာရေးစောင့်ရှောက်မှုတွင် အမျိုးသားများ နှင့် အမျိုးသမီးများသည် (၅၀:၅၀)% ဖြင့် တန်းတူဖြစ်နေသည်ကို တွေ့ရပါသည်။
- ပညာရေးလက်လှမ်းမီမှု နှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အမျိုးသား (၅၀)% ၊ အမျိုးသမီး (၅၀)% ဖြင့် တန်းတူဖြစ်နေသည် ကို တွေ့ရပါသည်။ ကျေးရွာအနေဖြင့် အုပ်ချုပ် ရေး၊ အလုပ်အကိုင် နှင့် ဝင်ငွေ၊ မိမိကိုယ်မိမိ လုံခြုံစိတ်ချမှုအပိုင်း တို့တွင် အမျိုးသမီးများ၏ အားနည်းနေသေးသော အပိုင်းများကို တွေ့ရှိသိမြင်ခဲ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )


မီးတိုင်များ ဆွေးမြေ့၍ ကျေးရွာလူထုမှ လုံခြုံမှုမရှိခြင်း၊ မျိုးစပါးအတွက် မျိုးသန့်မရှိခြင်း၊ ကမ်းပါးပြို၍ ခဏ၊ ခဏ မြေနေရာ ရွှေ့ပြောင်းနေရခြင်း၊ သောက်ရေ/သုံးရေ လုံလောက်မှုမရှိခြင်း၊ ရွာအပြင်လမ်း နှစ်စဉ် ရေကြီး၊ ရေလျှံ၍ သွားရေး လာရေးခက်ခဲခြင်း စသည့်အခက်အခဲများကို အမျိုး သား များ က အဆိုပြုကြ သည်။

မီးဘေး လုံခြုံမှု မရှိ၍ စိုးရိမ် ကြောင့်ကြ နေရခြင်း၊ နှစ်စဉ် ရေကြီး ရေလျှံမှု ဖြစ်၍၊ ကျောင်းသား များ သွားရေး လာရေး ခက်ခဲခြင်း၊ ပညာတတ်ဦးရေ ရှိသော်လည်း အလုပ်အကိုင် ရရှိရန်အခွင့်အလမ်း များ မရှိခြင်း၊ မီးကြိုးများ စိတ်ချရမှုမရှိ၍ စိုးရိမ်နေရခြင်း စသည့်အချက်အလက်များသည် အမျိုးသမီး များ ဖော်ထုတ်ခဲ့ကြသော အခက်အခဲများ ဖြစ်ကြသည်။

အခက်အခဲများကို ဆွေးနွေးရာတွင် ကျား(၇) ဦး၊ မ(၆) ဦး တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး၊ ကျေးရွာ အတွက် အခြေခံကြသော အချက်အလက်များကို ဖော်ထုတ်သိရှိခဲ့ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ည) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်




ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများအနေဖြင့် ၄င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် မြို့ကြီးများကဲ့သို့ နေ့ညမပြတ်၊ မီးအလင်းရောင်ဖြင့် နေချင်ပါသည်။ ကလေးများအနာဂတ်အတွက် စာပေအသိ မြင့်မားဖြန့်ဝေပေးချင်ပါသည်။ ကလေးများ ကျန်းမာဖွံ့ဖြိုးစေရန် အားကစားကွင်း ရှိချင်ပါသည်။ ရေကြီး၊ ရေလျှံမှုအတွက် ခိုင်ခန့် ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေး ရှိချင်ပါသည်။ စသည့်အချက်များကို အဓိကထား၍မျှော်မှန်းကြပါသည်။

အမျိုးသမီးများ အနေဖြင့် ကျန်းမာရေး စိတ်ချစေ ရန်၊ ကျေးရွာတွင် အချိန်မရွေး သွားပြနိုင်သော ဆေးပေးခန်း ရှိချင်သည်။ ကလေးများ ဗဟုသုတဖွံ့ဖြိုးစေရန် စာကြည့်တိုက်လေး လိုချင်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ရချင်ပါသည်။ အမျိုးသမီးများအတွက် အိမ်နေရင်း အလုပ်လုပ်ကိုင်နိုင်ရန်၊ အိမ်တွင်းမှုလုပ်ငန်းများ လိုချင်ပါသည်။ ကျေးရွာတွင် အလှူအတန်းများ ပြု လုပ်ရန်၊ စုဝေးခန်းမလေး ရှိစေချင်သည်။ စသည်ဖြင့် မျှော်မှန်းထားကြပါသည်။

မကျီးစုကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီး မျှော်မှန်းချက်များကို ကျား(၄) ဦး၊ မ(၈) ဦးတို့ဖြင့် ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစ
ဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>



## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကိုးအင်းအုပ်စု၊ မကျီးစုကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံးဖြစ်သော ကွန်ကရစ်မီးတိုင်+မီးကြိုးလုပ်ငန်းအား ဦးစာပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးဖြစ်သော ဘက်စုံသုံးရေကန်၊ စက်ရေတွင်း၊ ရေစက်၊ ရေပိုက် လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးဖြစ်သော ရွာတွင်းချောင်း ကျောက်လမ်းရေတွင်းလုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် ရွာတွင်းကွန်ကရစ်လမ်းလုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ ကျေးရွာတွင်း စာကြည့်တိုက် လုပ်ငန်းအား ဦးစားပေး(၅) အဖြစ်လည်းကောင်း ၊ မဲစဉ်အလိုက် အသီးသီးရွေး ချယ်ခဲ့ကြပါသည်။

မကျီးစုကျေးရွာအနေဖြင့် လိုအပ်ချက်အရတောင်းဆိုသော ဦးစားပေးလုပ်ငန်း(၁) သည် ကိုးအင်းအုပ်စုတစ်ခုလုံး၏ ဖွံ့ဖြိုးရေးလိုအပ်ချက်လုပ်ငန်းဖြစ်ပြီး အုပ်စုအဆင့် ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ရာတွင်လည်း ကျေးရွာ၏တောင်းဆိုသော ဦးစားပေးလုပ်ငန်း(၁) ကို ရရှိခဲ့ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဂင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကိုးအင်း ကျေးရွာ။ ။ မကျီးစု

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၉-၁၂-၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမြင့်အောင် | ၀၉၄၂၂၅၁၁၇၉၉ | |
| ၂ | | ဥက္ကဌ | ဒေါ်ထက်ဦးဇင် | ၀၉၄၅၃၂၂၅၅၆၀ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဌေးဌေးငြိမ်း | | |
| ၄ | | အဖွဲ့ဝင် | ဦးဝင်းထက်ကျော် | ၀၉၂၅၄၄၂၉၉၁၉ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်သန်းသန်းဆွေ | ၀၉၇၇၉၂၇၉၀၉၄ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင်စိုး | | |
| ၇ | | အဖွဲ့ဝင် | ဒေါ်သန်းသန်းရှို | | |
| ၈ | | အဖွဲ့ဝင် | ဦးမောင်မောင်ဝင်း | | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းအောင် | ၀၉၂၆၄၃၆၈၅၀၃ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်အေးမြတ်မိုး | ၀၉၂၆၁၈၀၁၄၁၄ | |
| ၁၁ | | အဖွဲ့ဝင် | | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးနိုင်ဝင်းထွန်း | ၀၉၉၆၃၅၇၆၈၆၂ | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးခင်မောင်ဆန်း | | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဝင်းနွဲ့ | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးချမ်းမြေ့ကျော် | ၀၉၇၇၉၂၇၉၀၉၄ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ဝင်းဝင်းမော် | ၀၉၄၅၃၂၃၇၁၄၃ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်အေးသီတာ

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးတင်မိုး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် - | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်အေးသီတာ |
|---|---|---|

| ~~မြည်နယ်~~/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကိုးကင်း | ကျေးရွာ မကျီးစု |
|---|---|---|---|

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၂ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၃၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၄ | ဗုဒ္ဓဘာသာ | ၁၄ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၈ | ၇၀ |
| လူမျိုးစု (၁) ဗမာ | ၅၈ | ၇၀ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၂၈ | ၄ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန် ၃ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ မာလာမုန်တိုင်း (၂၀၀၆)

ချောင်းစကြီး ခြိမ်း (၅၈ဆဲ)(ရွာ၊ ရုလိုင်)

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အုပ်ချုပ်ရေး (၃) ကျေးရွာမီးသတ်အဖွဲ့

(၂) ကျေးရွာလူငယ်အဖွဲ့ (၄) အမျိုးသမီး ပရိဟိတအသင်း

ကျေးရွာခေါင်းဆောင် အမည် ဦးတင်စိုး

လက်မှတ် နေ့စွဲ ၇.၁၂.၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အေးသီတာ

လက်မှတ် နေ့စွဲ ၇.၁၂.၁၆

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်မြေးသီတာ | | | | | | |
| နေ့စွဲ | ၉.၁၂.၂၀၁၆ | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ဧရာဝတီ | မြို့နယ် | ကြံခင်း | ကျေးရွာအုပ်စု | ကိုးခင်း | ကျေးရွာ | မကျီးစု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁၂.၁၆ | ၉.၁၂.၁၆ | ၁၂ | ၁၃ | ၂၅ | မဟာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁၂.၁၆ | ၁၀.၁၂.၁၆ | ၁၆ | ၁၁ | ၂၅ | မဟာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၆.၁.၁၇ | ၆.၁.၁၇ | ၁၀ | ၅ | ၁၅ | မဟာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၅.၂.၁၇ | ၁၆.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၆.၂.၁၇ | ၂၆.၂.၁၇ | ၁၁ | ၁၄ | ၂၅ | မဟာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၆.၂.၁၇ | ၂၆.၂.၁၇ | ၁၁ | ၁၄ | ၂၅ | မဟာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ...ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၆.၂.၁၇ | ၂၆.၂.၁၇ | ၁၃ | ၁၄ | ၂၇ | ဗမာ | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၆.၂.၁၇ | ၂၆.၂.၁၇ | ၁၃ | ၁၄ | ၂၇ | ဗမာ | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၆.၂.၁၇ | ၂၆.၂.၁၇ | ၁၃ | ၁၄ | ၂၇ | ဗမာ | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၁၇.၃.၁၇ | ၁၇.၃.၁၇ | ၁၀ | ၈ | ၁၈ | ဗမာ | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၂၀.၃.၁၇ | ၂၀.၃.၁၇ | ၈ | ၁၂ | ၂၀ | ဗမာ | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၃.၄.၁၇ | ၃.၄.၁၇ | ၂၀ | ၁၈ | ၃၈ | ဗမာ | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၇.၄.၁၇ | ၇.၄.၁၇ | ၁၂ | ၁၀ | ၂၂ | ဗမာ | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၈.၄.၁၇ | ၈.၄.၁၇ | ၁၈ | ၂၂ | ၄၀ | ဗမာ | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်အေးဘိုကာ

| | |
|---|---|
| နေ့စွဲ ၉ . ၁၂ . ၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု ကိုးနှင်း | ကျေးရွာ မကျီးရှ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးတွင်းများ ခြေးမြေ့ ဤ ကျေးရွာသူ ထဲမှ လုံခြုံမှု မရှိ ခြင်း။ | ၁ | မိုးကောင်းလုံခြုံမှု မရှိ၍ [illegible] ကြောင့် ဒုက္ခရောက်ရခြင်း။ |
| ၂ | မျိုးစပါးအတွက် မျိုးသန့် မရှိခြင်း။ | ၂ | နှစ်စဉ် ရေကြီး ရေလျှံမှု ဖြစ်၍ ကျောင်းသားများ သွားရေး ခက်ခဲခြင်း။ |
| ၃ | ကန်းပါး မိုးရွာ [illegible] မြေကျ ရှုံးမြောင်းနေရ ခြင်း။ | ၃ | ပညာတတ်ဖို့ ရှိသော်လည်း အလုပ် အကိုင် ရရှိရန် အခွင့်အလမ်းများ မရှိခြင်း။ |
| ၄ | သောက်ရေ / သုံးရေ လုံလောက်မှု မရှိခြင်း။ | ၄ | မိုးကြီးများ [illegible] ရခြင်း။ |
| ၅ | ရွာအဖြင့်လမ်း နှစ်စဉ် ရေကြီး ရေလျှံ၍ သွားရေးလာရေး ခက်ခဲ ခြင်း။ | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် [illegible] လမ်းကောင်း [illegible] ချင်သည်။ | ၁ | ကျန်းမာရေး [illegible] ကျေးရွာတွင် ဆေးပေးခန်း ရှိချင်သည်။ |
| ၂ | ကလေးများ အနာဂတ်အတွက် [illegible] မြှင့်တင်ပေးချင်တယ်။ | ၂ | ကလေးများ [illegible] ဖွံ့ဖြိုးစေရန် [illegible] လိုချင်သည်။ |
| ၃ | ကလေး များ ကျန်းမာဖွံ့ဖြိုးစေရန် [illegible] ရှိချင်သည်။ | ၃ | အလုပ်အကိုင် အခွင့်အလမ်း များ ရချင်သည်။ |
| ၄ | ရေကြီးရေလျှံမှုအတွက် ခိုင်ခံ့ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေး ရှိချင်။ | ၄ | အမျိုးသမီးများအတွက် [illegible] အလုပ်အကိုင် [illegible] များ လိုချင်သည်။ |
| ၅ | | ၅ | ကျေးရွာ [illegible] စာကြည့်တိုက် [illegible] ရှိစေချင်သည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်ဓာတ်တိုင် (ယခုတိုင်) ဓာတ်ကြိုး + ကြိုးဆွဲ (၁၀၂၀ က) | ကျား + မ | ၄,၁၅၀,၀၀၀ | (၁၂၈) ဦး |
| ၂ | ရေကန် ၊ အဝီစိတွင်း ၊ ရေစက် ရေစက်ရုံ | ကျား + မ | ၂,၁၀၀,၀၀၀ | (၁၂၈) ဦး |
| ၃ | ရွာတွင်း ချောင်ဖောက်လမ်း | မ | ၂၉၀၀,၀၀၀ | (၁၂၈) ဦး |
| ၄ | ရွာတွင်း ကွန်ကရစ်လမ်း | မ | ၁၇,၅၀,၀၀၀ | (၁၂၈) ဦး |
| ၅ | စာကြည့်တိုက် | ကျား + မ | ၆,၀၀၀,၀၀၀ | (၁၂၈) ဦး |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အားကစားကွင်း | မ | |
| ၂ | ပန်းခြံ | မ | |
| ၃ | [illegible] | မ | |
| ၄ | ဆေးပေးခန်း | မ | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးမြင့်နောင်--- လက်မှတ် ---[signature]--- နေ့စွဲ ---၉.၁၁.၂၀၁၆---

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မြအေးသဇင်နိုင် | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| နေ့စွဲ ၂၇.၁၂.၁၆ | |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |
|---|---|---|
| ဧရာဝတီ | ကြံခင်း | ကိုးအင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| လက်ပံတိုက် | ကွန်ကရစ်မီးတိုင် + မီးကြိုး | ၁၄တိုင် ၆၀၀မီတာ | ၁၇၈ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၅၂၀,၀၀၀ | - | - | - | ၃၅၂၀,၀၀၀ |
| တောကြီးတန်း | ကွန်ကရစ်မီးတိုင် | ၁၈တိုင် | ၁၂၈ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၇၂၀,၀၀၀ | - | - | - | ၃၇၂၀,၀၀၀ |
| မကျိုးစု | ကွန်ကရစ်မီးတိုင် + မီးကြိုး | ၁၃တိုင် ၁၀၂၀မီတာ | ၁၂၈ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၇၂၀,၀၀၀ | - | - | - | ၃၇၂၀,၀၀၀ |

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ကြွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လှုပ်ရှားတော် အထက်စု | ကွန်ကရစ်မီးတိုင် မီး+ကြိုး | ၁၈တိုင် ၆၅ meter | ၁၂၇ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃,၇၂၀,၀၀၀ | – | – | ၃,၇၂၀,၀၀၀ |
| လှုပ်ရှားတော် အောက်စု | ကွန်ကရစ်မီးတိုင် | ၁၈တိုင် | ၉၃ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃,၇၂၀,၀၀၀ | – | – | ၃,၇၂၀,၀၀၀ |
| သစ်ဆိမ့်ပင် | ၇' အမြင့်ရေစင် ၂" ø အဝီစိတွင်း ပိုက်သွယ်တန်းခြင်း ရေစက်/ရုံ | ၆'x၆'x၄'-၆" ဂါလံ(၁၀၀၀) ၁၄၀၀' ၆'x၅'x၇' | ၇၃ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃,၉၂၀,၀၀၀ | – | – | ၃,၉၂၀,၀၀၀ |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသန်းနိုင်စိုး ဒေါ်မိမိဝင်းထွန်း

လက်မှတ် ---- ရက်စွဲ ၂၇.၃.၁၆

# လူထုဗဟိုပြုစီမံကိန်း ( ဒုတိယနှစ်စက်ဝန်း )

**၁၃။ အစည်းအဝေးမှတ်တမ်းများ**

**ကျေးရွာအုပ်စု - ကိုးအင်း**

**ကျေးရွာ - မကျီးစု**

**ပထမအကြိမ်ကျေးရွာအစည်းအဝေး** ရက်စွဲ ၈-၁၂-၂၀၁၆

အစည်းအဝေးကို နေ့လည် (၁၂း၀၀) နာရီတွင် စတင်ကျင်းပခဲ့သည်။ အစီအစဉ် (၁) တွင် ကျေးရွာ ဆယ်အိမ်မှူး နှင့် ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးတင်စိုးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ပြောကြားရာတွင်- "လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စီမံကိန်း" စတင် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းအတွက်မိမိတို့ ကျေးရွာအနေဖြင့်များစွာ ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြသည့်အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သော လိုအပ်ချက်လုပ်ငန်းများကို စီမံကိန်းအဖွဲ့ အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြ

လိမ့်မည် ဟု မျှော်လင့်ပါကြောင်း - စသဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။ အစီအစဉ်(၁) အမှာစကား ပြောကြားပြီးနောက်တွင် လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများမှ ကျေးရွာလူထု နှင့် ဝန်ထမ်းများကြား ရင်းနှီးမှု ရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြ သည်။ ထို့နောက် စီမံကိန်း စက်ဝန်း မိတ်ဆက်ခြင်း၊ ကျားမရေးရာ ကဏ္ဍ၊စီမံကိန်းတွင် ပါဝင်သူဝများ၏ အခန်းကဏ္ဍ နှင့် တာဝန်

ဝတ္တရားများ၊ စီမံကိန်းတွင် လိုက်နာရမည့် ဆောင်ရန် ရှောင်ရန် အချက်များ၊ အကြံပြုတိုင်ကြားရေး စနစ်အကြောင်း စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ နေ့လည် (၂) နာရီတွင် စီမံကိန်း ဒုတိယနှစ် အတွက် ကော်မတီဝင် များ ရွေးချယ်မည် ဖြစ်၍ စေတနာဝန် ထမ်းများ၏ တာဝန်

ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျသော လျှို့ဝှက်စနစ်အကြောင်း ထပ်မံရှင်း

ပြခဲ့ပြီး၊ စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ နေ့လည် (၂း၁၅) တွင် ကျေးရွာ စီမံကိန်း နှင့် အထောက်အကူပြု ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။ နေ့လည် (၃း၀၀) နာရီတွင် ကျေးရွာလူထုအား

အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝ အရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များ အသုံးပြုမှု၊ ပိုင်ဆိုင်မှု ထိန်းချုပ်မှု ၊ဥစ္စာခြေ စံသတ်မှတ်ချက်၊

ပင့်ကူအိမ် သုံးသပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြ ပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ) ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြသည်။ညနေ (၅း၀၀) နာရီတွင်၊ကျေးရွာပထမအကြိမ် အစည်းအဝေး (ဒုတိယနေ့ စက်ဝန်း) ကိုပြီးမြောက်ခဲ့ပြီး၊ အစည်းအဝေးပိတ်သိမ်းကြောင်း ကြေငြာခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး

ဒေါ်အေးသီတာ

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

၁၃။ အစည်းအဝေးမှတ်တမ်းများ

ကျေးရွာအုပ်စု - ကိုးအင်း

ကျေးရွာ - မကျီးစု

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး ရက်စွဲ ၉-၁-၂၀၁၇

အစည်းအဝေးကို နေ့လည် (၁၂း၀၀) နာရီတွင် စတင်ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဦးဆုံးရှင်းပြခဲ့ပြီး အစည်းအဝေးကို စတင်ခဲ့ပါသည်။ ရည်ရွယ်ချက်ကို ရှင်းပြပြီးနောက် (၁၇-၁၂-၂၀၁၆) ကျေးရွာပထမအကြိမ် အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်းများကို ပြန်လည်သုံးသပ် အနှစ်ချုပ်တင်ပြခဲ့ပါသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး စာအုပ်အကြောင်းကို ရှင်းပြခဲ့ပြီး တဆက်တည်း မှာပင် လက်ထောက် နည်းပညာမှူးမှ သဘာဝ အကာအကွယ် နှင့် လူမှုအကာအကွယ်များ အကြောင်းကို ဆက်၍ ရှင်းပြခဲ့ပါသည်။

ထို့နောက် မကျီးစုကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲ ပြဿနာများ၊ ကျေးရွာ မျှော်မှန်းချက်များ ကိုဖော်ထုတ်ခဲ့ပါသည်။ နေ့လည်(၂း၃၀) နာရီတွင် ကျေးရွာ၏ အမှန်တကယ်လိုအပ်နေသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို အမျိုးသား နှင့် အမျိုးသမီး သီးခြားစီ ဖော်ထုတ်အဆိုပြုခဲ့ကြပါသည်။ နေ့လည် (၃း၀၀) နာရီတွင် စီမံကိန်းတွင် အကျုံးဝင်သော လုပ်ငန်းများ၊ စီမံကိန်းတွင်အကျုံးမဝင်သော လုပ်ငန်းများကို

အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် မဲပေးရွေးချယ်ခြင်း လျှို့ဝှက်စနစ်အကြောင်းကို ထပ်မံရှင်းပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများကို မဲပေးစနစ်ဖြင့် ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။ မကျီးစုကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ ထွက်ရှိပြီးနောက် နေ့လည်(၄း၃၀) နာရီတွင်၊ ကျေးရွာ ဒုတိယအကြိမ် အစည်းအဝေးကို၊ အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁ | ကွန်ကရစ်တိုင်၊ မီးကြိုး | ကျား+မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာတွင်းချောင်းကျောက်လမ်း | မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ရွာတွင်းကွန်ကရစ်လမ်း | မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | စာကြည့်တိုက် | မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်းကျောင်း စီးပွားရေး/ ဖွံ့ဖြိုးရေး | ၅ | အလုပ်အကိုင် အခွင့်အလမ်း | မ | ၂၀၂၂ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၆ | ဘက်စုံသုံးရေကန်၊ စက်ရေတွင်း၊ ရေပိုက်၊ ရေစက် | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၇ | အားကစားကွင်း | ကျား | ၂၀၂၃ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |